INTERNATIONAL
CHESS
FEDERATION

**APPENDIX D/1 – FUNDING REPORT FORM**

## 1. GENERAL INFORMATION

| | |
|---|---|
| SUBMISSION DATE: | 29 January 2024 |
| BENEFICIARY NAME: | MYANMAR CHESS FEDERATION |
| DEVELOPMENT LEVEL OF 2023: | 3 |
| PROJECT NAME: | MYANMAR PLAYERS IN INTERNATIONAL EVENTS 2023 |
| PROJECT START DATE: | 1 JANUARY 2023 |
| PROJECT END DATE: | 31 DECEMBER 2023 |
| PROJECT WEBSITE/SOCIAL MEDIA: | Myanmar Chess Federation Facebook |
| PROJECT DESCRIPTION: | 1. TO GIVE THE OPPORTUNITIES FOR THE PLAYERS IN INTERNATIONAL EVENTS<br>2. TO PRODUCE MORE RATED PLAYERS<br>3. TO PRODUCE MORE TITLED PLAYERS |
| PROJECT/PROGRAMME TOTAL BUDGET (euro):<br>(Including other income) | **47000** |
| FUNDING AMOUNT RECEIVED FROM FIDE FOR THIS PROJECT/PROGRAMME (euro): | **5000** |

## 2. KEY PERFORMANCE INDICATORS

- Copy/paste your baseline and target KPIs from the project's funding request (Appendix B) or annual plan (Continents and FIDE Commissions only).
- Input your actual KPIs achieved after the implementation of the project.

| | KPI | BASELINE (project start) | TARGET (project end) | ACTUAL |
|---|---|---|---|---|
| E.G | Number of schools teaching chess | 20 | 25 | 24 |
| 1. | Active FIDE-rated players<br>•Female<br>•All | <br>6<br>72 | <br>9<br>90 | <br>4<br>86 |
| 2. | Active players on FIDE List<br>•Female<br>•All | <br>268<br>1302 | <br>280<br>1350 | <br>317<br>1584 |

## 3. PROJECTS' OUTCOMES / DELIVERABLES

- Promotion and dissemination activities: list the used sources/implemented activities which covered/promoted each of your projects:

| Promotion and dissemination activities: | Your input: |
|---|---|
| Official website | **www.myachess.com** |
| Other social media sources/platforms | **Myanmar Chess Federation Facebook** |
| Newspapers, magazines | **Myanmar Standard Time Newspaper** |
| TV/Youtube shows | **MRTV** |
| Streams/podcasts | |
| Radio shows | |

| | |
|---|---|
| Blogs, twitter feeds | |
| Printed branded promotional materials | |

- Sponsors you actually involved in each of your projects.

| **Sponsors** | **Official website** | **Involvement in the project** |
|---|---|---|
| **NIL** | | |
| | | |
| | | |
| | | |

- Strategical Partners you actually involved in each of your projects (UNESCO, National Ministries, NGOs, NOCs, etc).

| **Partners** | **Official website** | **Involvement in the project** |
|---|---|---|
| **NIL** | | |
| | | |
| | | |
| | | |

## 4. <u>LINKS, PHOTOS AND OTHER SUPPORTING MEDIA DOCUMENTS</u>

**ATTACHMENTS TO THE REPORT**

| | |
|---|---|
| Financial Report Form specific to the activity/projects* (Appendix D/2) | ☒ |
| Photos/videos (name the attached file as the Project Name_photos) | ☒ |
| Other supporting documents (name the attached file as Project Name_doc) | ☒ |

I, the undersigned, President/Secretary General of the above-mentioned Organisation, certify that the information provided in this report, including the Financial Report Form (Appendix D/2) attached represents a true and fair summary of the activity/project noted above. At any moment, we will provide documentations and justifications related to the activity/projects/expenditures as required by FIDE or by its auditors, upon request of the FIDE.

MYANMAR CHESS FEDERATION

Maung Maung Lwin (President)

Name, function (President or Secretary General) and signature Official Stamp / Seal

*Financial reports (financial statements, official project report) specific to the activity/projects is required to be completed and submitted to FIDE with this report. In absence of the beneficiary's financial reports for the specific activity/projects, the FIDE financial report form is to be used.

INTERNATIONAL CHESS FEDERATION

## APPENDIX D/2 - FINANCIAL REPORT FORM

*FIDE DF beneficiary to complete and submit to the fedfunding@fide.com*

*Together with Appendix D/1 - FUNDING REPORT FORM*

| | |
|---|---|
| BENEFICIARY NAME: | MYANMAR CHESS FEDERATION |
| DEVELOPMENT LEVEL: | 3 |
| PROJECT NAME: | MYANMAR PLAYERS IN INTERNATIONAL EVENTS 2023 |
| PROJECT START DATE: | 01.янв.23 |
| PROJECT END DATE: | 31.дек.23 |
| YEAR OF CONTRIBUTION: | 2023 |

**FIDE DEVELOPMENT FUND**

| Currency | Amount |
|---|---|
| EUR | **5 000** |

**ACTIVITY/PROJECT EXPENDITURES DETAILS**

| **Date** | **EXPENSES**<br>*- Supplier/Beneficiary Name*<br>*- Invoice No. (if not available any identification no.)*<br>*- Type of expense, period, etc.* | **Covered?**<br>*Mark Yes for expenses covered by FIDE DF* | **Amount in original currency** | | **Amount in currency of FIDE DF** |
|---|---|---|---|---|---|
| | | | Currency | Amount | EUR |
| 6-14 Jan 2023 | Lecturing Fees (Pre-SEA Games 2023) | No | EUR | 1 200 | |
| 28 Apr - 10 May 2023 | Lecturing Fees (SEA Games 2023) | No | EUR | 2 200 | |
| 21 May - 4 Jun 2023 | Lecturing Fees (Hanoi IM Chess Tournaments 2023) | No | EUR | 100 | |
| 3-8 Jun 2023 | Lecturing Fees (ASEAN Para Games 2023) | Yes | EUR | 1 800 | 1 800 |
| 17-27 Jun 2023 | Lecturing Fees (ASEAN+ Age-Groups Chess Championships) | Yes | EUR | 1 800 | 1 800 |
| 23-25 Jun 2023 | Lecturing Fees (Pre-Asian Indoor Games 2003) | Yes | EUR | 400 | 400 |
| 28 Jun - 4 Jul 2023 | Lecturing Fees (Thailand International Chess Open) | Yes | EUR | 300 | 300 |
| 23-29 July 2023 | Lecturing Fees (Blue Chevaliers International Open) | Yes | EUR | 200 | 200 |
| 29 Jul - 25 Aug 2023 | Lecturing Fees (FIDE World Cup) | Yes | EUR | 200 | 200 |
| 3-11 Aug 2023 | Lecturing Fees (Eastern Asia Youth Chess Championship) | No | EUR | 700 | |
| 25 Aug - 3 Sep 2023 | Lecturing Fees (Malaysia Chess Festival) | Yes | EUR | 300 | 300 |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | **Total expenditures (in currency of FIDE DF)** | | | **EUR** | **5 000** |

We certify that the information provided in this report is accurate and represents a true and fair summary of the expenditures related to the project/activity above

At any moment, we will provide documentations and justifications related to the project/activities/expenditures as required by FIDE or by its auditors, upon requests of FIDE

| **President/General Secretary** | **Treasurer/Head of Finance** |
|---|---|
| Signature | Signature |
| Function: President | Function: Head of Finance |
| Name: Maung Maung Lwin | Name: Myo Zaw Min |

MYANMAR CHESS FEDERATION

Place: Yangon, MYANMAR.  Date: 29.янв.24

# လှုပ်လှုပ်ရှားရှား ၂၀၂၃ ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲ (၁)

ဟောင်ဟောင်လွင် (စစ်တုရင်)

(၁)

ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲ (Chess World Cup) နာမည်နဲ့စစ်တုရင်ပြိုင်ပွဲကြီးတစ်ခု စတင်ပေါ်ပေါက်ခဲ့တာ ၂၀၀၀ ပြည့်နှစ်ကပါ။ စူပါဂရင်းမာစတာ ၂၂ ဦးအပါအဝင် စုစုပေါင်းစစ်တုရင်သမား ၂၄ ဦးကို အုပ်စုလေးစုခွဲ ယှဉ်ပြိုင်ကစားစေပြီး အုပ်စုပထမနဲ့ ဒုတိယရသူ ရှစ်ဦးကို ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဖိုင်နယ် စသဖြင့် အဆင့်ဆင့်ယှဉ်ပြိုင်ကြရတာဖြစ်ပါတယ်။ တရုတ်နိုင်ငံ ရှင်ယန် (Shenyang) မှာ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်ကနေ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး အိန္ဒိယက စူပါဂရင်းမာစတာ အနန် (Viswanathan Anand) ဗိုလ်စွဲခဲ့ပြီး ဆုကြေးငွေဒေါ်လာ ၅၀၀၀၀ ရရှိခဲ့ပါတယ်။

ဒုတိယအကြိမ်ကို အလားတူပုံစံအတိုင်းပဲ စူပါဂရင်းမာစတာ ၂၁ ဦးအပါအဝင် စုစုပေါင်းစစ်တုရင်သမား ၂၄ ဦးကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၉ ရက်ကနေ ၂၂ ရက်အထိ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ် (Hyderabad) မှာ ကျင်းပခဲ့ပြီး အိန္ဒိယက စူပါဂရင်းမာစတာ အနန် (Viswanathan Anand) ပဲ ဆက်တိုက် ဗိုလ်စွဲခဲ့ပါတယ်။



၂၀၂၂ ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲ(အမျိုးသား) အုပ်စု(ဃ) ငွေတံဆိပ်ဆုရ မြန်မာအသင်း(ဝဲမှယာ) ကျော်မြတ်အောင်၊ ဇော်ရဲထွဋ်၊ မောင်မောင်ကျော်ဇေဟိန်း၊ ဦးစိုင်းသန်းထွန်းအောင်(အသင်းခေါင်းဆောင်)၊ နေလင်းထွန်း၊ စိုင်းဟန်သီဟ။

(၂)

၂၀၀၅ ခုနှစ်မှာ ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးအထိ တိုးမြှင့်ပြီး ကမ္ဘာ့စစ်တုရင် ဗိုလ်လုပွဲအတွက် လူရွေးတဲ့ ကနဦးအဆင့်ပြိုင်ပွဲကြီးအဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ကနေ ဒီဇင်ဘာ ၁၇ အထိ ရုရှားနိုင်ငံ ခန်တီမန်စီ (Khanty-Mansiysk) မှာ ကျင်းပခဲ့ရာမှာ အာမေးနီးယားက စူပါဂရင်းမာစတာ အေရိုနီယန် (LevonAronian) ဗိုလ်စွဲခဲ့ပါတယ်။ ထိပ်ဆုံး ၁၀ ဦးကို ကမ္ဘာ့စစ်တုရင်ချန်ပီယံ စိန်ခေါ်သူ ရွေးချယ်တဲ့ ကင်ဒီဒိတ်စစ်တုရင်ပြိုင်ပွဲ (Candidates tournament) မှာ ယှဉ်ပြိုင်ခွင့်ပြုပါတယ်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၀၇ ခုနှစ်နိုဝင်ဘာ ၂၄ ရက်ကနေ ဒီဇင်ဘာ ၁၆ ရက်အထိ ရုရှားနိုင်ငံ ခန်တီမန်စီ (Khanty-Mansiysk) မှာ ကျင်းပခဲ့ရာမှာ အမေရိကန်က စူပါဂရင်းမာစတာ ကမ်းစကီး (Gata Kamsky) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၀၉ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်ကနေ ဒီဇင်ဘာ ၁၄ ရက်အထိ ရုရှားနိုင်ငံ ခန်တီမန်စီ (Khanty-Mansiysk) မှာ ကျင်းပခဲ့ရာမှာ အစ္စရေးက စူပါဂရင်းမာစတာ ဂယ်လ်ဖန်း (Boris Gelfand) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၁၁ ခုနှစ် ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၆ ရက်ကနေ စက်တင်ဘာ ၂၀ ရက်အထိ ရုရှားနိုင်ငံ ခန်တီမန်စီ (Khanty-Mansiysk) မှာ ကျင်းပခဲ့ရာမှာ ရုရှားက စူပါဂရင်းမာစတာ စဗစ်ဒလာ (Peter Svidler) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၁၃ ခုနှစ်ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၁ ရက်ကနေ စက်တင်ဘာ ၂ ရက်အထိ နော်ဝေနိုင်ငံ ထရွမ်ဆို(Tromsø) မှာကျင်းပခဲ့ရာမှာ ရုရှားက စူပါဂရင်းမာစတာ ကရမ်းနစ် (Kramnik) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၁၅ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်ကနေ အောက်တိုဘာ ၅ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူ (Baku) မှာ ကျင်းပခဲ့ရာမှာ ရုရှားက စူပါဂရင်းမာစတာ ကားရာကင် (Sergey Karjakin) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၀ ရက်ကနေ အောက်တိုဘာ ၅ ရက်အထိ ဂျော်ဂျီယာနိုင်ငံ ထွေးရစီ (Tbilisi) မှာ ကျင်းပခဲ့ရာမှာ အာမေးနီးယားက စူပါဂရင်းမာစတာ အေရိုနီယန်(Levon Aronian) ဗိုလ်စွဲခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၉ ရက်ကနေ အောက်တိုဘာ ၄ ရက်အထိ ရုရှားနိုင်ငံ ခန်တီမန်စီ (Khanty-Mansiysk)မှာ ကျင်းပခဲ့ရာမှာ အဇာဘိုင်ဂျန်က စူပါဂရင်း မာစတာ ရာဒ်ဂျာဘော့ဗ် (Teimour Radjabov) ဗိုလ်စွဲခဲ့ပါတယ်။ ပြိုင်ပွဲဝင် ၁၂၈ ဦးနဲ့ ကျင်းပခဲ့ချိန်မှာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရဖို့ဆိုတာ ခက်ခဲရှားပါးတဲ့ လာဘ်တစ်ပါးပါ။ တိုက်အလိုက်၊ ဇုန်အလိုက် ချန်ပီယံလုပွဲတွေ ဗိုလ်စွဲမှ၊ ထိပ်ဆုံးနေရာတွေမှာ ရပ်တည်မှ လက်ရည်စစ်အောင်တာ ကိုး။ ၁၂၈ ဦးစာရင်းထဲမှာ ဝင်ရောက်ခွင့် ခွဲတမ်းရှိပါတယ်။

၂၀၁၉ ခုနှစ်အတွက် ကျင့်သုံးခဲ့တာကတော့ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။

- I. Reigning World Champion.
- II. Winner, runner-up and two (2) other semi-finalists of the FIDE World Cup 2017 – four (4) players.
- III. Reigning Women's World Champion.
- IV. World Junior Champions U-20 of 2017 & 2018 – two (2) players.
- V. Qualifiers from the Continental Championships and Zonals – ninety-two (92) players: Europe: 46, Americas: 20, Asia: 20, Africa: 6.
  - (a). Continental Championships and Zonals 2018.
  - (b). Continental Championships and Zonals 2019.
- VI. Highest rated players from the average of the twelve (12) standard FIDE rating lists - eighteen (18) players, who have not qualified by path from I to V.

  For the purpose of deciding the eighteen (18) qualifiers by rating, the average ELO from the twelve (12) standard FIDE rating lists from August 2018 to July 2019 is used. In case of equality, two decimals are taken into consideration. If the numbers are still equal then the total number of rated games in all 12 standard rating periods is decisive: the player with the bigger number of games qualifies.

  A player who appears inactive at least once in the twelve standard FIDE rating lists from August 2018 to July 2019 is not eligible.
- VII. Highest placed player of the ACP Tour 2018, who have not qualified by path from I to VI.
- VIII. Nominees of the FIDE President – five (5) players.
- IX. Nominees of the Organizer – four (4) players.

အာရှတိုက်ကြီးတစ်ခုလုံးအတွက်မှ ခွဲတမ်းနေရာ ၂၀ သာရှိတာကို တွေ့နိုင်ပါတယ်။ ဇုန်အမှတ် 3.3 မှာ အာဆီယံနိုင်ငံတွေအပြင် Chinese Taipei, Hong Kong, Japan, Korea, Macau, Mongolia တို့ပါဝင်ပြီး စုစုပေါင်း ၁၇ နိုင်ငံရှိပါတယ်။ ဇုန်အမှတ် 3.3 အတွက် ကမ္ဘာ့ဖလားမှာ အမျိုးသား နှစ်နေရာ၊ အမျိုးသမီး တစ်နေရာ ခွင့်ပြုထားပါတယ်။



နေလင်းထွန်း။

အာရှတိုက်ကြီးတစ်ခုလုံးအတွက်မှ ခွဲတမ်းနေရာ ၂၀ သာရှိတာကို တွေ့နိုင်ပါတယ်။ ဇုန်အမှတ် 3.3 မှာ အာဆီယံနိုင်ငံတွေအပြင် Chinese Taipei, Hong Kong, Japan, Korea, Macau, Mongolia တို့ပါဝင်ပြီး စုစုပေါင်း ၁၇ နိုင်ငံရှိပါတယ်။ ဇုန်အမှတ် 3.3 အတွက် ကမ္ဘာ့ဖလားမှာ အမျိုးသား နှစ်နေရာ၊ အမျိုးသမီး တစ်နေရာ ခွင့်ပြုထားပါတယ်။ စစ်တုရင်အင်အားကြီးနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မွန်ဂိုလီးယားတို့ပါဝင်နေပြီး ဗီယက်နမ်ဆိုရင် ကမ္ဘာ့လျှပ်တစ်ပြက်ချန်ပီယံတောင်မှ မွေးထုတ်နိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ စူပါဂရင်းမာစတာတွေ အများအပြားရှိတဲ့ ဒေသဖြစ်တာကြောင့် ဇုန်ပြိုင်ပွဲအနိုင်ရပြီး လက်ရည်စစ်အောင်ဖို့က မလွယ်ရေးချပါတကားလို့ ဆိုရမလိုပါ။

၂၀၁၅ ခုနှစ်က ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ဇုန် 3.3 ချန်ပီယံလုပွဲမှာ မြန်မာနိုင်ငံက ဝင်းဇော်ထွန်းဟာ ပွဲစဉ်(၇)အပြီးမှာ ငါးမှတ်ရရှိပြီး လက်ရည်စစ်အောင်ဖို့ အခြေအနေကောင်းနေခဲ့ပါတယ်။ ကျန်ပွဲစဉ်(၈)နဲ့(၉)မှာ နှစ်ပွဲစလုံးနိုင်ရင် ဂရင်းမာစတာ စွမ်းဆောင်ရည်လည်းရ၊ လက်ရည်စစ်လည်းအောင်နဲ့ သားရွှေအိုးရတဲ့ကိန်းဆိုက်မှာဖြစ်ပါတယ်။

အဲဒီနှစ်ပွဲမှာ တစ်မှတ်ရရင်ကို ဂရင်းမာစတာ စွမ်းဆောင်ရည်ရမယ့် အနေအထားပါ။ ဒါပေမဲ့ ဗီယက်နမ်ဂရင်းမာစတာတွေကိုရှုံးနိမ့်ခဲ့တာကြောင့် မြွေပါလည်းဆုံး သားလည်းဆုံး ဖြစ်ခဲ့ရပါတယ်။ ဒီပွဲမှာ ဝင်းဇော်ထွန်းရဲ့ ပြိုင်ဘက် ကိုးဦးအနက် အင်တာနေရှင်နယ်မာစတာ တစ်ဦး၊ ဂရင်းမာစတာ ခုနစ်ဦး ပါဝင်တာကိုကြည့်ရင် ပြိုင်ပွဲအဆင့်ကို ခန့်မှန်းနိုင်ပါတယ်။

၂၀၂၁ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အရေအတွက် တိုးမြှင့်ခဲ့ပြီး ၂၀၆ ဦးနဲ့ ၂၀၂၁ ခုနှစ် ဇူလိုင် ၁၂ ရက်ကနေ ဩဂုတ် ၆ ရက်အထိ ရုရှားနိုင်ငံ ဆိုချီ (Sochi) မှာ ကျင်းပခဲ့ရာမှာ ပိုလန်က စူပါဂရင်းမာစတာ ဒူဒါ (Jan-Krzysztof Duda) ဗိုလ်စွဲခဲ့ပါတယ်။

ဒီပွဲမှာ ထူးခြားချက်ကတော့ နိုင်ငံအလိုက် ကစားသမားတွေထဲက လက်ရည်စံနှုန်းအမြင့်ဆုံး ၁၀ ဦးရဲ့ ပျမ်းမျှကိုယူပြီး အဆင့်စဉ်လိုက်တဲ့အခါမှာ ကမ္ဘာ့ထိပ်ဆုံး ၉၁ နိုင်ငံက ကစားသမား ၉၁ ဦးကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ဝင်းဇော်ထွန်းဟာ ကနဦး တန်းစီဇယားအဆင့် ၁၄၈ နဲ့ ဝင်ခွင့်ရရှိခဲ့ပါတယ်။

ဒါပေမဲ့ ကမ္ဘာ့ကပ်ရောဂါဘေး ပြင်းထန်နေချိန်ဖြစ်ပြီး ခရီးသွားအခက်အခဲ အကန့်အသတ်တွေကြောင့် သွားရောက် ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပါဘူး။

၂၀၂၁ ခုနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲနဲ့ ပူးတွဲပြီး ပြိုင်ပွဲဝင် ၁၀၃ ဦးပါဝင်တဲ့အမျိုးသမီးကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကိုလည်း ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ရာမှာ ရုရှားက ဂရင်းမာစတာ ကော့စ်တီးညူ (Alexandra Kosteniuk)ဗိုလ်စွဲခဲ့ပါတယ်။

စာမျက်နှာ- ၁၅ သို့



# လှုပ်လှုပ်ရှားရှား ၂၀၂၃ ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲ (၃)

ဖောင်ဖောင်လွင် (စစ်တုရင်)

(၂၇-၈-၂၀၂၃ ရက်မှ အဆက်)

(၇)

၂၀၂၃ ဇူလိုင် ၃၀ ရက်။ ကမ္ဘာနဲ့အဝန်းက စစ်တုရင်လောကသားတွေ ရင်ခုန်စွာ စောင့်စားနေကြတဲ့ ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကြီး စတင်ခဲ့ပါပြီ။ ယေဘုယျအားဖြင့် လက်ရည်သာသူတွေ၊ စံနှုန်းအဆင့်မြင့်သူတွေက အနိုင်ရစမြဲဖြစ်ပေမယ့် မထင်မှတ်တာတွေလည်း မြင်ရတတ်ပါတယ်။ အိန္ဒိယက ကမ္ဘာကျော်စစ်တုရင်နည်းပြဆရာကြီးတစ်ဦးဖြစ်တဲ့ ရာမက်ရှ်ကတော့ ဒီနှစ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကြီးမှာ ကမ္ဘာ့ထိပ်တန်းကစားသမားတွေ အခက်အခဲကြုံရမယ်၊ လူငယ်လေးတွေရဲ့အောင်ပွဲကို တွေ့မြင်ရမယ်လို့ ကြိုတင်ဟောကိန်းထုတ်ခဲ့ပါတယ်။

မိတ်ဆွေတစ်ဦးက "မင်းတပည့်လေးတွေ အပေါ် ရောက်လာမှာပေါ့လေ" ဆိုတော့ ပြုံးနေပါသတဲ့။



FM Lim Zhuo Ren (မလေးရှား)။

(ရာမက်ရှ်ဟာ ၂၀၁၉ ခုနှစ်တုန်းက မန္တလေးမှာ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အသိအမှတ်ပြု စစ်တုရင်နည်းပြသင်တန်း လာရောက်ပို့ချပေးခဲ့သူဖြစ်ပြီး သင်တန်းသားတွေရဲ့ ချစ်ခင်လေးစားသဘောကျမှုကို ခံယူရရှိသူ ဖြစ်ပါတယ်။)

ပထမအချီပွဲစဉ်(၁)မှာ နေလင်းထွန်းက အဖြူရုပ်ကိုင်ပြီး ပြင်သစ်စူပါဂရင်းမာစတာ GM Bacrot Etienne နဲ့ ယှဉ်ပြိုင်ရပါတယ်။ လက်ရည်အဆင့် အတွေ့အကြုံအစစသာလွန်လွန်းတဲ့ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်ရတာဖြစ်ပေမယ့် မကြောက်မရွံ့ ဖိစီးမှုကင်းကင်းနဲ့ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ရာမှာ စစ်တုရင်ဝေဖန်သုံးသပ်သူ ဆရာကြီးတွေရဲ့ တအံ့တသြနဲ့ ချီးကျူးမှုကို ခံယူခဲ့ရပါတယ်။ ဘုရင်မတစ်ရုပ်စီနဲ့ နှံ့နှံ့ပြီး ပွတ်ကစားရတဲ့ ပွဲဆုံးပိုင်းဟာ အချိန်ဖိစီးမှုသာမရှိရင် သရေလောက်တော့ ရနိုင်ကောင်းရဲ့လို့လည်း သုံးသပ်ကြပါတယ်။ စုစုပေါင်း ပွဲကစားချိန် ငါးနာရီကျော်အကြာ ရွှေ့ကွက် ၉၀ အပြီးမှာမှ အဖြေထွက်ခဲ့တဲ့ပွဲဟာ ပထမအချီပွဲစဉ်(၁)ရဲ့ အကြာဆုံးပွဲစာရင်းဝင်ခဲ့ပါတယ်။

အများက တွက်ဆထားကြတဲ့အတိုင်း ရှုံးနိမ့်ခဲ့တာဖြစ်ပေမယ့် ကွန်ပျူတာနဲ့ရွှေ့ကွက်စိစစ်ချက်တွေအရ အမှားအယွင်းကင်းကွာတိကျစွာကစားနိုင်မှု ရာခိုင်နှုန်း ၉၃ ဒသမ ၇ ရှိတာ ချီးကျူးဖွယ်ရာ တွေ့မြင်ရပါတယ်။ လက်ရည်သာ အတွေ့အကြုံများပြီး ၉၇ ဒသမ ၁ ရာခိုင်နှုန်းအထိ တိတိကျကျကစားနိုင်ခဲ့တဲ့ စူပါဂရင်းမာစတာက ပွဲလယ်ပိုင်းအသာရမှုအနည်းငယ်ကို နိဂုံးပိုင်းမှာ အနိုင်ရအောင် ပြောင်းလဲနိုင်ခဲ့တာကို တွေ့ရပါတယ်။

Nay Lin Tun (MYA) (2055) -
Bacrot Etienne (FRA) (2662)
[E48]
World Cup 2023 Open
Baku, Azerbaijan (1.2),
30-07-2023

1. d4 [4] Nf6 [5]
2. c4 [7] e6 [4]
3. Nc3 [8] Bb4 [5]
4. e3 [8] 0–0 [6]
5. Bd3 [14] Re8 [6]
6. Nge2 [1:07] d5 [8]
7. a3 [42] Bf8 [26]
8. 0–0 [44] Nbd7 [1:32]



CM နေလင်းထွန်း (မြန်မာ) (ဝဲ) ပထမပွဲယှဉ်ပြိုင်ကစားစဉ်။



GM Goh Wei Ming Kevin (စင်ကာပူ)။



GM Paragua Mark (ဖိလစ်ပိုင်)။

9. Qc2 [1:58] c5 [6:15]
10. Rd1 [10:20] cxd4 [3:04]
11. exd4 [1:34] dxc4 [18]
12. Bxc4 [9] Nb6 [8]
13. Bd3 [1:23] Bd7 [1:56]
14. Bg5 [2:08] h6 [26]
15. Bh4 [39] Rc8 [34]
16. Qb3 [7:27] Bc6 [1:41]
17. a4 [2:13] Nbd5 [1:43]
18. Bb5 [9:11] Qd7 [3:32]
19. Rac1 [8:58] a6 [4:31]
20. Bxc6 [1:43] Rxc6 [7]
21. Nxd5 [2:30] Nxd5 [24]
22. Rxc6 [1:20] Qxc6 [6]
23. Rc1 [32] Qd7 [5]
24. Bg3 [5:16] Rc8 [57]
25. Rxc8 [6:14] Qxc8 [1]
26. Nc3 [15] Bb4 [1:28]
27. Ne2 [1:52] Qc6 [2:33]
28. h3 [2:51] Bd2 [5:46]
29. Qd3 [10:31] Bg5 [5:58]
30. Nc3 [11:14] Nb4 [2:36]
31. Qe4 [1:00] Bc1 [9:09]
32. Qb1 [2:31] Bd2 [16]
33. Ne4 [1:50] Bg5 [1:42]
34. b3 [2:09] Qd5 [3:00]
35. Bd6 [3:13] Nc6 [1:48]
36. Nxg5 [1:32] hxg5 [3:36]
37. Bc5 [45] Nxd4 [59]
38. Bxd4 [32] Qxd4 [2]
39. Qc1 [1:07] Qd5 [28]
40. Qc8+ [1:01] Kh7 [6]
41. Qc2+ [22] Kh6 [11]
42. Qc3 [45] Kg6 [3:06]
43. a5 [1:07] Qe4 [1:03]
44. b4 [2:55] Kh6 [27]
45. Qd2 [1:34] Qd5 [38]
46. Qc3 [1:17] e5 [14]
47. Qc8 [1:58] Kg6 [44]
48. Qc2+ [4:18] Kf6 [29]
49. Qc8 [2:42] Qc6 [3:10]
50. Qd8+ [1:06] Kf5 [44]
51. Qe7 [1:23] Qd5 [56]
52. Qf8 [52] Kf6 [2:11]
53. Qc8 [16] Ke7 [1:19]
54. Qg8 [2:24] g6 [1:44]
55. Qb8 [3:11] Kd7 [39]
56. Qa7 [7:24] Ke7 [15:19]
57. Qb8 [1:08] Qb5 [1:24]
58. Qc7+ [31] Ke6 [10]
59. Qc8+ [1:10] Qd7 [37]
60. Qc4+ [41] Ke7 [29]
61. Qc1 [3:15] Kf6 [15]
62. Qe3 [32] Qd1+ [37]
63. Kh2 [4] Qd4 [24]
64. Qe1 [48] g4 [5:49]
65. hxg4 [42] Qxg4 [2]
66. Qc3 [1:07] Qd4 [45]
67. Qe1 [41] Ke6 [2:32]
68. Kg1 [25] Kd6 [16]
69. Qb1 [36] Qc4 [16]
70. Qd1+ [36] Kc7 [1:47]
71. Qa4 [53] Kd8 [3:39]
72. Qd1+ [29] Ke7 [28]
73. Qe1 [24] Ke6 [20]
74. Qd2 [36] Qd4 [25]
75. Qa2+ [25] Kf6 [35]
76. Qb3 [16] Kg7 [7]
77. Qb1 [37] Qd2 [25]
78. g3 [49] Qd5 [27]
79. Qc2 [24] Qd4 [29]
80. Qc7 [35] Qd1+ [31]
81. Kh2 [32] Qd5 [7]
82. Qe7 [21] Kh7 [11]
83. Kg1 [28] Kg7 [25]
84. Kh2 [26] e4 [23]
85. Kg1 [33] g5 [2:56]
86. Kf1 [42] Kg6 [22]
87. Kg1 [31] Kf5 [1:05]
88. Kh2 [31] Kg4 [1:56]
89. Qf6 [26] e3 [1:15]
90. Qb2 [33] Qd2 [1:22]
0–1

ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲရဲ့ ပထမအချီပွဲစဉ်(၁)မှာ လက်စွမ်းပြခဲ့တဲ့လူငယ်လေးတစ်ဦးကတော့ တူရကီနိုင်ငံက (၁၄)နှစ်သားအင်တာနေရှင်နယ်မာစတာ IM Ediz Gurel ဖြစ်ပါတယ်။ သူက ဆားဘီးယား ဂရင်းမာစတာ GM Velimir Ivic ကို ၂၂ ကွက်မှာ ဘစ်ရှော့စတေး တိုက်ခိုက်ပြီး ၂၈ ကွက်နဲ့ အနိုင်ရခဲ့ပါတယ်။ [ဒါပေမဲ့ ပွဲစဉ်(၂) ရှုံးနိမ့်ခဲ့ပြီး သရေဖြတ်ပွဲ ယှဉ်ပြိုင်ရာမှာလည်း နှစ်ပွဲစလုံးရှုံးခဲ့တာကြောင့် အိမ်အပြန်စောခဲ့ရပါတယ်။]



IM Ediz Gurel (တူရကီ)။

(၈)

ပထမအချီပွဲစဉ်(၁)မှာ နေလင်းထွန်းက အဖြူရုပ်ကိုင်ပြီး ရှုံးနိမ့်ခဲ့တာကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်တွေ ပါးလျခဲ့ရပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်မှာ အနက်ကိုင်ပြီး ယှဉ်ပြိုင်ရတဲ့ပွဲစဉ်(၂)အနိုင်ရမှသာ အမှတ်တူသွားပြီး နောက်နေ့မှာ ဒုတိယအချီတက်ရောက်နိုင်ရေး အဆုံးအဖြတ် သရေဖြတ်ပွဲကစားရမှာ ဖြစ်ပါတယ်။ သရေကျရင်လည်း အိမ်ပြန်ရမှာဖြစ်တာကြောင့် သမားရိုးကျ ခံစစ်မကစားတော့ဘဲ စွန့်စားပြီး ဖောက်ကစားရာမှာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။




နေလင်းထွန်း (မြန်မာ) ပထမပွဲမြင်ကွင်း။

Bacrot Etienne (FRA) (2662) -
Nay Lin Tun (MYA) (2055)
[A13]
World Cup 2023 Open
Baku, Azerbaijan (2.2)
31-07-2023

1. d4 [2] Nf6 [8]
2. c4 [4] e6 [10]
3. Nf3 [6] d5 [11]
4. e3 [24] Be7 [45]
5. b3 [8] 0–0 [1:14]
6. Bb2 [5] c5 [41]
7. cxd5 [8:18] Nxd5 [1:26]
8. dxc5 [11] Bxc5 [1:19]
9. Bc4 [1:35] Bb4+ [5:29]
10. Nbd2 [1:59] b5 [6:03]
11. Bxb5 [2:55] Nc3 [2:00]
12. Bxc3 [59] Bxc3 [9]
13. Rc1 [4] Qa5 [38]
14. Bd3 [19] Ba6 [24:52]
15. Qc2 [11:26] Rc8 [20:02]
16. 0–0 [2:59] Nd7 [2:12]
17. Nc4 [1:35] Bxc4 [22]
18. bxc4 [6] Bf6 [1:02]
19. Bxh7+ [11] Kh8 [14]
20. Be4 [1:25] Rab8 [12]
21. Nd4 [8] Qh5 [5:49]
22. Rfd1 [3:20] Ne5 [6:09]
23. c5 [1:35] g5 [26]
24. c6 [3:19] Kg7 [3:12]
25. c7 [48] Rb6 [48]
26. Rb1 [1:08] Ng4 [7:48]
27. h3 [53] Be5 [1:51]
28. Rxb6 [2:59] axb6 [1:37]
29. Qe2 [3:00] Nf6 [5:32]
30. Qxh5 [4:24] Nxh5 [3]
31. Nb5 [8] Bxc7 [57]
32. Bb7 [5] Rd8 [1:02]
33. Bf3 [6]
1–0

စာမျက်နှာ-၁၅ သို့

The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**နှောမိုး၊** ရန်ကုန်၊ စက်တင်ဘာ-၈

ရန်ကုန် အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးခိုင်က စက်တင်ဘာ ၈ ရက်တွင်ကျရောက်သည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့်ပတ်သက်၍ စာတတ်မြောက်ခြင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်သည့် စာပေသည် တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းဖြစ်ကြောင်း၊ လူမျိုးတိုင်းတွင် အမျိုးသားစာပေဆိုတာရှိကြောင်း၊ စာပေမရှိလျှင် လူမျိုးဟူ၍မရှိ စာပေနှင့်ကင်းပါက မည်သည့်လူမျိုးမှ မတိုးတက် မဖွံ့ဖြိုးနိုင် အဓွန့်မရှည်နိုင်ပါကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ကျောင်းနေသည့် ကျောင်းသား၊ ကျောင်းသူများ စာတတ်မြောက်ရေးအတွက် အသိအမြင် ဗဟုသုတကြွယ်ဝစေသည့် စာပေများကို ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်အောင် ကြိုးစား၍ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်ကြပါရန် ဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။(ဝဝ့်)



# အမက တောင်ပိုင်းကျောင်း၌ စာဖတ်ရှုမှု မြင့်မားရေး အသိပညာပေးဟောပြော

**ခင်ဇော်(ကော့မှူး)၊** ရန်ကုန်၊ စက်တင်ဘာ-၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ပြင်ပအသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက် အမကတောင်ပိုင်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က စာပေဖတ်ရှုခြင်းအားဖြင့် အာရုံစူးစိုက်နိုင်စွမ်း၊ မှတ်သားနိုင်စွမ်း၊ တွေးခေါ်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် အကောင်းဆုံးသော မိမိဘာသာလေ့လာသင်ယူခြင်းဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဖွံ့ဖြိုးတိုးတက်စေပြီး အမှားအမှန် ဝေဖန်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်းနှင့် စာပေဖတ်ရှုခြင်းကြောင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။(အပေါ်ပုံ)

# TG ယူနိုက်တက်နှင့် ခြေစမ်းပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း နှစ်ပွဲစလုံး အနိုင်ရ

**လူတလူ၊** ရန်ကုန်၊ စက်တင်ဘာ-၈

အာရှဖူဆယ်ချန်ပီယံရှစ် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပဏာမမြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် မန္တလေးမြို့အခြေစိုက် ဖူဆယ်အသင်းဖြစ်သည့် TG ယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် စက်တင်ဘာ ၅ ရက်တွင် TG ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ ၆-၄ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ ၁၀-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ပွဲရရှိခဲ့သည့် ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းအနေဖြင့် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မန္တလေးမြို့အခြေစိုက် Lin Latt FC အသင်းတို့နှင့် အမ်အက်ဖ်အက်ဖ် ဖူဆယ်အားကစားကွင်းတွင် ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-MFF

# ကော့မှူးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ခင်ဇော်(ကော့မှူး)**
ရန်ကုန်၊ စက်တင်ဘာ-၈

ရန်ကုန်တိုင်း ဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်အတွင်း ဖြတ်သန်းမောင်းနှင်ကြသော ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်ယာဉ်များ၊ အငှားယာဉ်များ၊ ကုန်တင်ယာဉ်များ အနေဖြင့် မှတ်ပုံမတင်ထားသော ယာဉ်များမောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ စက်တင်ဘာ ၈ ရက် နံနက်က မကျီးကန်ကျေးရွာ တိုးဂိတ်နား၌ စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။



**ဆောင်ရန်၊ ရှောင်ရန်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များ၊ အမှတ်(၅၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ထွန်းနေဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ မြို့နယ်အတွင်း ဖြတ်သန်းမောင်းနှင်ကြသော ကားများ၊ သုံးဘီးဆိုင်ကယ် မောင်းနှင်သူများ သိရှိလိုက်နာရမည့် အချက်များ၊ လိုင်စင်သက်တမ်းကုန်မော်တော်ယာဉ်များ မောင်းနှင်ခြင်းရှိ မရှိနှင့် အရက်သေစာ သောက်စားမောင်းနှင်ခြင်းရှိ မရှိ စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ယာဉ်လမ်းအန္တရာယ်ဆိုင်ရာသတိပေးလမ်းညွှန်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်ပတ်သက်၍ အရေးယူခံရနိုင်သည့်ဥပဒေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။(ဝဝ့်)




စာမျက်နှာ- ၁၃ လှုပ်လှုပ်ရှားရှား ၂၀၂၃ ခုနှစ် ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲ (၆)မှအဆက်

မင်္ဂလာဆောင်ပြီး မကြာမီမှာ ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲဝင်ကစားတာ ပွဲတိုင်းအနိုင်ရပြီး စတုတ္ထအချီအထိ ရောက်ရှိသွားခဲ့ပါတယ်။ အင်ဒိုနီးရှား အမျိုးသမီး စစ်တုရင်သမားတွေထဲမှာ ဒီလိုအဆင့်ရောက်တာ ဒါပထမဦးဆုံးပါ။ သူ့ရဲ့ သူငယ်ချင်းဖြစ်သူ အမျိုးသမီးအင်တာနေရှင်နယ်မာစတာ အယ်လီနာကတောင် "မင်္ဂလာဆောင်ပြီးမှ လက်စွမ်းတွေ ပိုပြီးပြနေတာနော်။ မိန်းကလေးတွေ စဉ်းစားကြ" ဆိုပြီး ကျီစယ်စကားဆိုထားပါတယ်။

ဒါပေမဲ့ အသက်(၂၀) အရွယ် ဘူလ်ဂေးရီးယားသူ IM Nurgyul Salimova ကို သရေဖြတ်ပွဲအထိ ကစားပြီး ရှုံးနိမ့်သွားခဲ့ပါတယ်။ IM Nurgyul Salimova ကတော့ ဖိုင်နယ်အထိ တက်လှမ်းခဲ့ပြီး ဖိုင်နယ်မှာ ရုရှားဂရင်းမာစတာ GM Goryachkina Aleksandra ကို အကြိတ်အနယ်ကစားပြီး သရေဖြတ်ပွဲကျမှ ရှုံးခဲ့လို့ ဒုတိယနဲ့ ကျေနပ်ခဲ့ရပါတယ်။ ယူကရိန်းဂရင်းမာစတာ GM Muzychuk Anna က တတိယနဲ့ ၂၀၁၇ ခုနှစ်ကမ္ဘာ့အမျိုးသမီးစစ်တုရင်ချန်ပီယံ တရုတ်ဂရင်းမာစတာ GM Tan Zhongyi က စတုတ္ထ အသီးသီးရခဲ့ကြပါတယ်။ ဆုကြေးအနေနဲ့ ပထမ ဒေါ်လာ ၅၀၀၀၀၊ ဒုတိယဒေါ်လာ ၃၅၀၀၀၊ တတိယ ဒေါ်လာ ၂၅၀၀၀၊ စတုတ္ထဒေါ်လာ ၂၀၀၀၀ ဖြစ်ပါတယ်။

**(၁၉)**

ကမ္ဘာ့ဖလား စစ်တုရင်ပြိုင်ပွဲပိတ်ပွဲနဲ့ ဆုပေးပွဲအခမ်းအနားကို သရေဖြတ်ပွဲတွေအပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်မှာ ကျင်းပခဲ့ပါတယ်။ အဇာဘိုင်ဂျန်နိုင်ငံ လူငယ်နှင့်အားကစားဝန်ကြီးဌာနဝန်ကြီး Farid Gayibov နဲ့တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနဲ့ အဖွဲ့တွေ၊ ကစားသမားတွေ၊ ဧည့်သည်တော်တွေ စုံစုံညီညီ တက်ရောက်ကြပြီး ခမ်းခမ်းနားနား ကျင်းပခဲ့ပါတယ်။

နောက်တစ်ကြိမ် ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ်မှာ ကျင်းပမှာဖြစ်ပြီး အိမ်ရှင်နိုင်ငံကို မရွေးချယ်ရသေးသလို အသေးစိတ် စည်းမျဉ်းစည်းကမ်းတွေကိုလည်း မထုတ်ပြန်သေးပါဘူး။ စစ်တုရင်လောကသားတွေ၊ အထူးသဖြင့် စစ်တုရင်ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ တိုက်ရိုက်ဝင်ခွင့်ပြုတာကို ၂၀၂၁ ခုနှစ်ကလို နိုင်ငံအလိုက် လက်ရည်စံနှုန်းအမှတ်နဲ့ဖြတ်မှာလား၊ ဒီနှစ် ၂၀၂၃ ခုနှစ်လို နောက်ဆုံးအိုလံပစ်စွမ်းဆောင်ရည်နဲ့ ရလဒ်အပေါ် မူတည်ပြီး ဆုံးဖြတ်မှာလားဆိုတာကို သိလိုစိတ်စောနေကြပါတယ်။

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်အနေနဲ့ အမျိုးသမီးစစ်တုရင်ကို ပိုမိုအားပေးဆောင်ရွက်နေချိန်မှာ အမျိုးသမီးကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကိုလည်း လက်ရှိပြိုင်ပွဲဝင်အရေအတွက်ဖြစ်တဲ့ ၁၀၃ ဦးထက် ပိုမိုလက်ခံပေးဖို့ ဖြစ်နိုင်ရင် အလွတ်တန်းလိုပဲ ၂၀၆ ဦးနဲ့ တစ်ပြေးညီကျင်းပပေးဖို့ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အနေနဲ့ တရားဝင်အဆိုပြုခဲ့ပါတယ်။

ကမ္ဘာ့ဖလားစစ်တုရင်ပြိုင်ပွဲကြီး ပိုမိုတိုးတက်အောင်မြင်ပြီး အဓွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။


SOCAR